dvbdebate.com facebook.com/dvb.debate Twitter@dvbdebate

“ဒီဗွီဘီ ဒီဘိတ်”အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***“Who listens to ethnic voices?”***

ဆိုတာပဲဖြစ်ပါတယ်။

- မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week’s topic is ETHNIC VIEWS

### *Historical context:*

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးကွဲတွေများပြားတဲ့နိုင်ငံဖြစ်ပြီးနိုင်ငံလူဦးရေရဲ့သုံးပုံတစ်ပုံဟာ တိုင်းရင်းသားလူမျိုးကွဲတွေပဲဖြစ်ပါတယ်။ တိုင်းရင်းသားအများစုက မြန်မာနိုင်ငံရဲ့သယံဇာတရင်းမြစ် ကြွယ်ဝတဲ့နယ်စပ်ဒေသတွေနဲ့ တောင်တန်းဒေသတွေမှာ နေထိုင်ကြပါတယ်။ တိုင်းရင်သား(၁၃၅)မျိုးရှိ တယ်လို့ အစိုးရကတရားဝင်အသိအမှတ်ပြုထားပေမယ့် အလုမ်းဝေးလွန်းတာမို့ စိတ်ချလောက်တဲ့ သန်းခေါင်စာရင်းမရရှိတဲ့အတွက် တိုင်းရင်းသားလူမျိုးဘယ်လောက်ရှိတယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ လူနည်းစုတိုင်းရင်းသားတွေဟာ အုပ်ချုပ်သူတွေနဲ့ လူများစုဗမာတွေရဲ့နှိပ်ကွပ်မှုနဲ့ ပစ်ပယ်မှုကို ဆယ်စုနှစ်များစွာခံစားလာခဲ့ရတာပါ။ အခြေခံအဆောက်အအုံအားနည်းမှုနဲ့ သွားလာရခက်ခဲ့တဲ့ မြေမျက်နှာသွင်ပြင်ကြောင့် ဆက်သွယ်မှုခေါင်းပါးပြီး ဒီဒေသအများစုဟာ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပညာရေးကဏ္ဍမှာ ချို့တဲ့သွားရပါတယ်။ စစ်အစိုးရလက်ထက်ပညာရေးဟာလဲ နိုင်ငံရေး များစွားရောပြွမ်းနေပြီး ၁၉၆၀ ပြည့်နှစ်လောက်ကစလို့ တိုင်းရင်းသားလူမျိုးတွေဟာ ကိုယ့်တိုင်းရင်းဘာသာ နဲ့ ယဉ်ကျေးမှုဓလေ့တွေကို သင်ယူခွင့်မရှိတော့ပါဘူး။ အဲဒီတိုင်းရင်းသားဒေသတွေက အရပ်သားတွေဟာ စစ်အာဏာရှင်စနစ်ရဲ့ဖိနှိပ်မှုနဲ့ ပြည်တွင်းစစ်ဒဏ်ကို ဆယ်စုနှစ်ချီ ခံစားခဲ့ရပါတယ်။ အရင်စစ်အစိုးရ လက်ထက်တုန်းကဆိုရင် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းတွေနဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေအတွက် မြေယာ သိမ်းပိုက်တာတွေ ဒါမှမဟုတ် စစ်မဟာဗျူဟာအရ ဒေသခံအတော်များများကို နေအိမ်တွေကနေ အင်အားသုံးဖယ်ရှားတာမျိုးတွေထိ လုပ်ခဲ့ပါတယ်။

### *Facts and Figures*

- တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးရှိတယ်လို့ အစိုးရက တရားဝင်အသိအမှတ်ပြုထားပါတယ်
- ၁၉၈၃သန်းခေါင်စာရင်းအရ လူများစုဖြစ်တဲ့ဗမာလူမျိုးဟာနိုင်ငံလူဦးရေရဲ့၆၉ ရာခိုင်နှုန်းရှိ ပါတယ်။
- ပြည်သူ့လွှတ်တော်အမတ်အားလုံးရဲ့(၆၆.၂)ရာခိုင်နှုန်းဟာ ဗမာလူမျိုးတွေဖြစ်ပြီး ရှမ်းက(၈.၆)ရာခိုင်နှုန်းရှိတယ်လို့ စစ်တမ်းတွေအရသိရပါတယ်။
- မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ပါတီ(၃၀)အနက် တစ်ဝက်ကျော်ကျော်ဟာ တိုင်းရင်းသား အခြေပြုပါတီတွေဖြစ်ပါတယ်။
- မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ပေါင်း(၁၇)ဖွဲ့ကျော် ရှိပါတယ်။
- ကုလသမဂ္ဂကထုတ်ပြန်တဲ့စာရင်းအရ မြန်မာနိုင်ငံရဲ့တိုင်းနဲ့ပြည်နယ်(၁၄)ခုမှာ အဆင်းရဲဖြစ်တဲ့ ကချင်ပြည်နယ်မှာ လူဦးရေ(၅)သိန်း နေထိုင်ပါတယ်။

### *Points of view:*

"မြန်မာနိုင်ငံမှာ တိုင်းရင်းသားရပိုင်ခွင့်တွေကို ပစ်ပယ်တာကိုက ပြဿနာအားလုံးရဲ့အရင်းအမြစ်ပဲဆိုတာ သိနေရက်နဲ့ တိုင်းရင်းသားဒေသတွေမှာဖြစ်ပျက်နေသမျှကို နိုင်ငံတကာအသိုက်အဝန်းက အရမ်းကို လျစ်လျူရှုထားကြတယ်ဗျာ။ "လို့ ***Burma Campaign UK*** မှ ဇိုယာဖန်ကဆိုပါတယ်။

"ဗမာစာကိုနားမလည်လို့ ကျွန်တော့်သူငယ်ချင်းတွေရော ကျွန်တော်ပါ ကျောင်းစာတွေမလိုက်နိုင်ကြဘူး။ ဒီတော့ ဆရာက ရိုက်တယ်။ ဒါနဲ့ ကျွန်တော်တို့ကျောင်းသားအတော်များများ ကျောင်းမတက်ကြတော့ဘူး။ "လို့ (၈)နှစ်အရွယ်ကချင်ကျောင်းသားလေး ဂျီဖန်ကပြောပါတယ်။

"ကိုယ့်လူမျိုးကအုပ်ချုပ်တာကိုပဲ လိုချင်တယ်။ ဒါက အရင်ကရော ခုချိန်ထိပါ ကျွန်တော်တို့လိုလားတဲ့ အချက်ပါပဲ။ "လို့ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်သိန်းမြင့်ကဆိုပါတယ်။

"နယ်စပ်ဒေသက လူနည်းစုတိုင်းရင်းသားအုပ်စုတွေရဲ့အခြေအနေက အစိုးရရဲ့ဒီမိုကရေစီအသွင် ကူးပြောင်းရေးရည်မှန်းချက်ကို ကြီးမားတဲ့အကန့်အသတ်တွေဖြစ်ပေါ်စေပါတယ်။ "ကုလအထူးကိုယ်စားလှယ်ဟောင်း ထောမတ်စ်အိုဂျီးအားကင်တာနားကဆိုပါတယ်။

### *Information links:*

www.shanwomen.org
www.burmacampaign.org.uk
www.culturemyanmar.org
www.minorityrights.org
www.thisismyanmar.com/myanmars/people
www.dvb.no